## ဂိုဏ်းဂဏ ဝါဒ

ဂိုဏ်းဂဏ ဝါဒ ဆိုသော ဝေါဟာရတွင်၊(၁) မြန်မာ ဘာသာစကားဖြင့် "အကိုင်းဖြာထွက်ခြင်း" ဟု ပြန်ဆိုနိုင်သော ပါဠိ ဝေါဟာရ "ဂဏ"၊ ၎င်း "ဂဏ" အား မြန်မာမှုပြုထားသည့် "ဂိုဏ်း" ကိုတွဲဆက်ထားသော "ဂိုဏ်းဂဏ"နှင့် (၂)ဝါဒဟု ဆိုသည့် အယူအဆ၊ သို့မဟုတ် ယုံကြည်မှုကို တစ်ဖြေးဖြေး တရိပ်ရိပ် တည်ဆောက် ဖြစ်တည်လာစေသော လမ်းစဉ်ကို ဆိုလိုသည် ဖြစ်ရာ၊ အကိုင်း ဖြာထွက်လာသော အယူအဆတစ်ခု၌ ယုံကြည်ခြင်း သဒ္ဓါ အိမ်ဖွဲ့ တည်ဆောက်လာခြင်း ဖြစ်ပေသည်။

## ယုံကြည်မှုတည်ဆောက်ခြင်း

### ယုံကြည်မှုဖြစ်တည်သည့် အခြေခံ (၃) ချက်

ယုံကြည်မှု တည်ဆောက်ခြင်း ဆိုသည်မှာ အယူအဆ တစ်ခုအား မိမိ၏ နှလုံးသည်းပွတ်၌ အခိုင်အမာ ပန္နရိုက်ခြင်းပင် ဖြစ်ပေသည်။ ကုရ်အာံ၏ တင်ပြချက်၌ ယုံကြည်မှုအား အခြေခံအားဖြင့် (၃) မျိုးခွဲခြားနိုင်ပေသည်။

(၁) မိရိုးဖလာ အစဉ်အလာအားဖြင့် ဖြစ်တည်ပြီးသား ယုံကြည်မှု၊
(၂) ထိုမိရိုးဖလာများ၏ အားနည်းချက်များ၊ ခေတ်ကာလ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ မရှိမှုများကြောင့် တော်လှန်ပြောင်းလဲရန် ကြံဆရာမှ မိမိ၏ အယူအဆသည် အမှန်ဟု စွဲကိုင်သတ်မှတ် ဖြစ်တည်လာသော ယုံကြည်မှု၊
(၃) လူသားသည် မိမိ၏ လူသားဘဝ ဖြစ်တည်လာရမှု၊ အန္တိမ ပန်းတိုင်အား ဉာဏ်မျက်စိဖြင့် ဖြစ်စေ၊ အတွေး အခေါ် မျက်စိဖြင့် ဖြစ်စေ ဝေဖန်ပိုင်းခြား သိရှိလျက် ထိုနှစ်ခု စပ်ကြား၌ မည်သို့ နေထိုင် ကျင့်ကြံအားထုတ်ရမည်ဟု မိမိကိုယ် မိမိ ပြဌာန်း ဖြစ်တည်လာသော ယုံကြည်မှု– တို့ ဖြစ်သည်။

ထိုအခြေခံ ယုံကြည်မှု သုံးမျိုးတွင် အမျိုးအစားပေါင်း များစွာ ဆက်လက်ခွဲခြမ်း စိတ်ဖြာနိုင်ကြောင်းကိုလည်း ကုရ်အာံက ပြဆိုပေသည်။ ထိုယုံကြည်မှု (၃) မျိုးအနက် ကုရ်အာံက အားမပေးဆုံး ယုံကြည်ချက်မှာ (၁) မိရိုးဖလာ အစဉ်ကို လိုက်၍ ဖြစ်တည်ပြီးသား ယုံကြည်မှုပင် ဖြစ်၏၊ ၎င်းကို မစူးစမ်း မဆင်ခြင်သော မျိုးချစ် မျက်ကန်း ယုံကြည်ချက်ဟု ဆိုပေသည်။ ထိုယုံကြည်ချက်မျိုးတွင် မှီဝဲနေသူများကို ကျမ်းတော်၌ "**غَافِلُون ဂါဖီလူးန်**" မေ့လျော့နေသော သူများ၊ ပေ့ါပျက်ပျက် အလိုက်သင့်နေသော သူများ၊ မည်မျှပင် ပညာတတ်သည်ဟု ဆိုစေကာမူ စူးစမ်းဆင်ခြင်ရမည်ကို သတိမရဘဲလျက် ရေစုန်မျှောနေ သူများ ဟု ဆိုပေသည်။

ဒုတိယ အမျိုးအစား ဖြစ်သည့် ယုံကြည်မှုကို မိရိုးဖလာ မျိုးချစ်မျက်ကန်း ယုံကြည်မှုလောက် ကျမ်းတော်က မရှုတ်ချပေ။ သို့သော် ထိုယုံကြည်မှုမျိုး တည်ဆောက်ခြင်းကို အစောတလျှင် မဆုံးဖြတ်ရန် ကြီးစွာ သတိပေးပေသည်။ ထိုယုံကြည်မှုမျိုးသည် အကောင်းဘက်သို့ ဦးတည်သွားနိုင် သကဲ့သို့– အဆိုးဘက်သို့လည်း ဦးတည်သွားနိုင်ပေသည်။ မျိုးချစ် မျက်ကန်း ယုံကြည်မှုမှ ရုန်းထွက်နိုင်လျက် အကောင်းဘက်သို့ ဦးတည်သော စဉ်းစားဆင်ခြင်မှုဖြင့် ယုံကြည်ချက် တည်ဆောက်သူများကို ကျမ်းတော်၌ "**مُصْلِحُون မုဆ်လေဟူးန်**" ဟုခေါ်၍၊ မျိုးချစ်မျက်ကန်း ယုံကြည်နေသော မိရိုးဖလာမှ ရုန်းထွက်နိုင်သော်လည်း မိမိ တည်ဆောက်သော ယုံကြည်မှုသည် ထိုမျိုးချစ် မျက်ကန်းယုံကြည်မှုထက် ပိုမိုဆိုးဝါးစွာ လောကအား အဖျက်အနှောက်ပြုလျှင်– ထို ယုံကြည်မှုမျိုး တည်ဆောက်သူအား "**مُفْسِدُون မုဖ်ဆိဒူးန်**" ဟု ဆိုပေသည်။

ထို့ကြောင့် ဒုတိယ အမျိုးအစား တော်လှန်ပြောင်းလဲရန် ရည်သန်ရာမှ ဖြစ်တည်လာသော ယုံကြည်မှု သို့မဟုတ် ခံယူချက် စိတ်ဖြစ်တည်ရန် ကျိုးပန်းအားထုတ် လာသူများကို ကျမ်းတော်က ကြိုဆိုသည်။ သို့သော် ရိုးသားဖြူစင်သော ပြုပြင်ပြောင်းလဲ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သူဖြစ်ရန်၊ အဖျက်အနှောက်ပြုသော ပြုပြင်ပြောင်းလဲသူ မဖြစ်ရန် မိမိ၏ လူသားဘဝ ဖြစ်တည်မှု၊ လူသားသဘာဝ နိယာမ၊ လူသားနှင့် လူ့ပတ်ဝန်းကျင် မှီတည်မှု နိယာမ၊ လူသားနှင့် စကြာဝဠာလုံးဆိုင်ရာ မှီတည်မှု နိယာမ၊ လူသား၏ အနာဂါတ် ရည်မှန်းချက် ချမှတ်သည့် နိယာမ၊ ထိုအနာဂါတ်မှသည် အန္တိမပန်းတိုင် တို့ကို စနစ်တကျ တတ်အပ်သေချာ သိသော၊ သို့ မဟုတ် သိနိုင်သည့်နည်းအား လေ့လာ လိုက်စားသော၍ တရွေ့ရွေ့တည်ဆောက်သော ယုံကြည်မှု ဖြစ်သည့် တတိယ အမျိုး အစား ယုံကြည်မှုသည် အရေးကြီး၍– ထိုယုံကြည်မှုနှင့် ဒွန်တွဲလျှက် ပြုပြင်ပြောင်းလဲမှုကို ကျင့်သူ၊ ဦးဆောင်သူသည် **"مُصْلِحُونَ မုဆ်လေဟူးန်"** များဖြစ်၍၊ မိမိစိတ်ထင်ရာ– ကောင်းနိုးရာရာများကို အဖေါ်ပြုလျှက် ပြုပြင်ပြောင်းလဲမှုကို ကျင့်သူ၊ ဦးဆောင်သူများသည် **"مُفْسِدُونَ မုဖ်ဆီဒူးန်"** ဘက်သို့သာ ယိမ်းထိုးသွားရသူများ ဖြစ်ပေသည်။

လူသားသည် မိမိ၏ လူသားဘဝ ဖြစ်တည်လာရမှု၊ အန္တိမ ပန်းတိုင်အား ဥာဏ်မျက်စိဖြင့် ဖြစ်စေ၊ အတွေး အခေါ် မျက်စိဖြင့် ဖြစ်စေ ဝေဖန်ပိုင်းခြား သိရှိလျှက် ထိုနစ်ခု စပ်ကြား၌ မည်သို့ နေထိုင် ကျင့်ကြံအားထုတ်ရမည်ဟု မိမိကိုယ် မိမိ ပြဌာန်း ဖြစ်တည်လာသော ယုံကြည်မှုဖြင့် ယုံကြည်ချက် တည်ဆောက်သော သူများကို ကုရ်အာန်ကျမ်းတော်က **"مُؤْمِنُون မုအ်မေနူးန်"** ဖြစ်သည်ဟု ဆို၍၊ ထိုကဲ့သို့သော လူသားများသည်သာ အောင်မြင်ပေါက်မြောက်သူများ **"مُفْلِحُون မုဖ်လေဟူးန်"** များ ဖြစ်ရမည်ဟူသည့် နိယာမကို ချမှတ် ပေးထားပေသည်။

လူသား၏ လူသား သဘာဝနှင့် အန္တိမပန်းတိုင် ဆိုသည်ကို ကျမ်းတော်၏ ထောက်ပြချက် အရ အနည်းငယ်တင်ပြရန် လိုမည် ဟု ထင်ပါသည်။

<u>လူသား၏ အဆင့် (၃) ဆင့်</u>

## (၁) အဖြူထည်ဘဝ

ကျမ်းတော်က လူသားသည် မူလက ဖြူစင်သော အဖြူထည် သက်သက်ဖြစ်သည်။ အပြစ်အနာမရှိသော စိတ်ဥာဉ်ဖြစ်သည်။ ထိုလူသားအား စတင်ဖြစ်တည်လာခြင်းကို ရုပ်ပိုင်းဆိုင်ရာ အားဖြင့် မြေဆီမြေနှစ်ကို မှီဝဲ၍ လူသားမျိုးစေ့ ဖြစ်တည်လာခြင်း နာမ်ပိုင်းဆိုင်ရာ အားဖြင့် ပကတိနှိမ့်ချခြင်းသဘော "မြေမှ" ဟု ကျမ်းတော်တွင် အကြိမ်ကြိမ် အလီလီ ဆိုသည်။ "မြေ" ဆိုသည်ကိုပင်၊ အထပ်ထပ်အလီလီ သန့်ထုတ်ထားသော "မြေမှုန့်" အပြစ်အနာ တစ်စွန်း တစ်စ မကျန်ရအောင် ထုခတ်ထား သော "အိုးခတ်မြေ" အကြိမ်ကြိမ် ကြိတ်နယ် သန့်စစ် ညှစ်ထုတ်ထားသော "မြေနှစ်" ဟူသော ဝေါဟာရများကို သုံး၍ ပြော ဆိုထားပေသည်။ ဤသည် လူသား၏ ရုပ်နာမ်အစ ဖြစ်၏။ (ရုပ်၏ စတင် ဆင့်ကဲ ဖြစ်တည်မှုကို ကုရ်အာန်၏ သီဝရီနှင့် အညီ ယနေ့ဆေးပညာများက ရှင်းထားပြီ ဖြစ်၍၊ ဆက်လက် မရှင်းတော့ပြီ။)

## (၂) ကိုယ်ထည်ဝတ္ထုတွင် ကပ်တွယ်ရသည့် ဘဝ (ရုပ်နှင့်နာမ် ဒွန်တွဲဖြစ်တည်မှု ဘဝ)

ထိုမှထပ်ဆင့် လူကိုယ်ထည် ဝတ္ထုအား ပိုင်ဆိုင်လာသော၊ ယနေ့ကျွန်ုပ်တို့၏ မံသ မျက်စိဖြင့် မြင်နိုင်၊ ထိနိုင်၊ တွေ့နိုင်၍ လူ သားဟု သတ်မှတ်ထားသော လူသတ္တဝါသည်– အခြားသော လှုပ်ရှားသွားလာနေသည့် သက်ရှိ သတ္တဝါများထက် သာလွန် ထူးကဲကြောင်း ကျမ်းတော် တစ်အုပ်လုံး၏ နေရာ အနှံ့အပြားတွင် မြောက်များစွာ ဖေါ်ပြထားပေသည်။ ထိုသို့ ဖြစ်ရသည်မှာ လူသတ္တဝါသည် **"رُوحٌ ရူးဟ်"** ဟုခေါ်သည့် **ဥာဏ်စဉ်**အား အပ်နှင်းခံရသောကြောင့် ဖြစ်၏၊ (၃၂း၉)။ တနည်းအားဖြင့် တွေးခေါ်မျှော်မြင်တတ်၊ နားလည် ခံစားတတ်၊ တီထွင်ဖန်တီးတတ် စေခြင်းငှာ လွတ်လပ်ခွင့် ပြည့်ပြည့်ဝဝ ပေးလိုက်ခြင်း ဖြစ်၏။ လူမှအပ အခြားသော မည်သည့် အရာသည်မှ **"رُوحٌ ရူးဟ်"** ဟုခေါ်သည့် **ဥာဏ်စဉ်**အား အပ်နှင်းခြင်းခံသည်ဟု ကျမ်းတော်၌ ဖေါ်ပြထားခြင်း မရှိပေ။ လူသားသည်သာ ထိုသို့သော ဝိသေသ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်ခွင့်ရသည့် အတွက် လူသားမျိုးနွယ် တစ်ခု

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

လုံးအား စတင်ကိုယ်စားပြု တင်ပြထားသော အာဒံအား အဠာရသ ပညာရပ်များကို သင်ကြားပေးလိုက်သည်ဟု ဘွဲ့တံဆိပ် ချီးမြှင့်ခံလိုက်ရပေ၏၊ ၂း၃၀။

လူမှအပ အခြားသော အရာများသည် စကြာဝဠာ၏ နိယာမ သီဝရီများကို ဖေါ်ထုတ်တင်ပြနိုင်သော အရာများ မဟုတ်ချေ။ သူတို့သည် **"رُوح ရူးဟ်"** ဟုခေါ်သည့် **ဉာဏ်စဉ်**အား ချီးမြှင့် မခံရသောကြောင့်၊ ၎င်းတို့သည် နိယာမတို့၏ အောက်၌ နေနေရခြင်း ဖြစ်ပေသည်။ ဥပမာ အားဖြင့် ကျွဲ၊ နွား တိရိစ္ဆာန်များသည် မြက်၊ အသီး၊ အရွက်များကိုသာ စားရမည် ဟူသည့် နိယာမ အောက်၌၊ ကျား၊ ခြင်္သေ့၊ သစ် တို့သည် အသားကိုသာ စားရမည်ဟူသည့် နိယာမ အောက်၌ နေနေရ၍၊ လူသားတို့အား မည့်သည့် အရာကိုသာ စားသုံးရမည်ဟူသည့် နိယာမအောက်၌ မထားဘဲ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ပေးထားပေသည်။ ထို့ကြောင့် စားသုံးရာများကို လွတ်လပ်စွာ ဖန်တီးစားသုံး ပိုင်ခွင့် ရှိနေပေသည်။

သို့သော် လူသားသည် မိမိကိုယ်မိမိ "ငါတော့ အရာရာတွင် လွတ်လပ်မှု ရှိ၏၊ ငါ့ကို မည်သည့် အရာကမှ ထိန်းကွပ်ထားခြင်း မရှိ၊" ဟု၊ လက်လွတ်စပယ် မောက်မာ မော်ကြွားမှု မရှိနိုင်ရန်၊ ငါ တစ်ကော မကောနိုင်ရန်၊ စကြာဝဠာလုံးဆိုင်ရာ ဖြစ်တည်မှုနိယာမ ပြဋ္ဌာန်းချက်တွင် လူသတ္တဝါများ၏ ရုပ်ပိုင်းဆိုင်ရာ မလွန်ဆန်နိုင်သော နိယာမများကို ထည့်သွင်း ဖေါ်ပြခံရမှုများ ရှိနေပေသည်။ ဥပမာအားဖြင့် လူသားသည် အစားအသောက် စားသုံးရာတွင် အခြားသော သတ္တဝါများကဲ့သို့ ပါးစပ်ဖြင့်သာ စားသုံးရမည် ဖြစ်သည်။ လူသားက ဉာဏ်စဉ်ကို ပိုင်ဆိုင်ထားသည့် အတွက် မျက်လုံးဖြင့် စားသုံးလျှင်လည်း ရသည်ဟု လွတ်လပ်ခွင့် မရှိချေ။ ထိုသို့ ထိမ်းကွပ်ထားခြင်းမှာ လူသားသည်လည်း လောကနိယာမ၏ ပြဋ္ဌာန်းချက်မှ မလွတ်ကင်းနိုင်ကြောင်း မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်တတ်ရန် အလို့ငှာ ဖြစ်ပေသည်။ ထိုသို့ သုံးသပ်နိုင်စွမ်း ရှိမှသာလျှင် နောက်ဆုံးခရီးဖြစ်သည့် ရုပ်ဝတ္ထုကို ထားခဲ့နိုင်သည့် နည်းလမ်းအား ရှာဖွေရာ၌ ပိုမိုလမ်းမှန်စေအံ့ငှာလည်း ဖြစ်ပေသည်။

လူသားသည် မိမိအား ဉာဏ်စဉ် ပိုင်ဆိုင်ခွင့်ကို ပေးထားသော်လည်း၊ ထိုဉာဏ်စဉ်အား တန်ဘိုးမထားတတ်ခြင်း၊ စူးစမ်း ဆင်ခြင်မှု မရှိခြင်း၊ လောကနိယာမအား မစောကြောရဲခြင်း၊ ဝေဖန်သုံးသပ်မှု မရှိခြင်းတို့ ဖြစ်နေပါက– ထိုသို့သော သူတို့၏ ဉာဏ်စဉ် ပိုင်ဆိုင်ထားမှုမှာ– ဉာဏ်စဉ်အား လုံးဝ ပိုင်ဆိုင်ခွင့်မရသော တိရိစ္ဆာန်များကဲ့သို့သာ ဖြစ်သည်ဟု ကျမ်းတော်၏၊ ၇း ၁၇၉ တွင် အတိအကျ သွန်သင်ထားပေသည်။ **တနည်းအားဖြင့် နှာဖါးကြိုးထိုးခံထားရသော တိရိစ္ဆာန်များ ကဲ့သို့ ဖြစ်ပေသည်။** ထိုလူများသည် **"غَافِلُون ဂါဖီလူးန်"** မေ့လျော့နေသော သူများ၊ ပေ့ါပျက်ပျက် အလိုက်သင့်နေသော သူများ ဖြစ်သည်ဟု ထိုကျမ်းစာပိုဒ် ၇း၁၇၉ ကပင် ပြောဆိုပေသည်။ **မူလဘူတ လူသား၏ အဖြူထည် ဘဝကို ထိုအလိုက်သင့်နေလိုက်သော နှာဖါးကြိုး ထိုးခံရသည့် မှိုင်းရိပ်ကြီးက ဖျက်ဆီးလိုက်လေပြီ။**

လူသားသည် ဉာဏ်စဉ်ပိုင်ကို ပိုင်ဆိုင်ခွင့်ရသည့် သတ္တဝါဖြစ်သည့် အလျောက် ရုပ်ဖွံ့ဖြိုးရန်၊ ဉာဏ်ဖွံ့ဖြိုးရန် ရှာကြံရမည် ဖြစ်သည်။ ဉာဏ်ဖွံ့ဖြိုးလာလေလေ ရုပ်သည်လည်း ကျွဲကူးရေပါ အတူတွဲ၍ ဖွံ့ဖြိုးလာတော့သည်။ ဥပမာအားဖြင့် ဉာဏ်ကို ဖွံ့ထွားစေရန် မကြိုးပမ်းခဲ့သော်က ယခုခေတ်လူသားများသည် 'လေယာဉ်' ဆိုသော အရာကိုပင် စီးနင်းနိုင်မည် မဟုတ်ချေ။ ဉာဏ်ရည် ဖွံ့ဖြိုးလာသည်နှင့်အမျှ လူ့ပတ်ဝန်းကျင်သည်လည်း မြင့်တက်လာသည်ပင် ဖြစ်တော့သည်။

## (၃)ပန်းတိုင်ဆီသို့ ထွက်ခွာရမည့် ဘဝ (ရုပ်ခန္ဓာအား ထားခဲ့ခြင်း)

သို့သော် လူသားများသည် ထိုဉာဏ်စဉ်အား လက်ခံခဲ့သော ကိုယ်ထည်ဝတ္ထု ပျက်စီးသွားရချိန်၌ မိမိ၏ ကိုယ်ထည်ဝတ္ထုတွင် ထင်ဟပ်ခဲ့သော ဉာဏ်စဉ်သည် မည်သည့် ဌာနသို့ ရောက်သွားရမည်ကို စနစ်တကျ သုံးသပ်စဉ်းစားမှုမှာ အားနည်းလျှက် မိရိုးဖလာ ကြားဘူးနားဝ အတိုင်းသာ ငရဲသို့လားမည်၊ နိဗ္ဗာန်သို့လားမည်၊ အခြားဘုံဌာနများသို့ လားမည်ဟု လေဖမ်းဒါန်းစီး တရားနာလျှက် အလိုက်သင့် ရေစုန်မျှောနေတတ်ပေသည်။ များသောအားဖြင့် လူအများစုကြီးမှာ အစပျောက်နေကြပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အစ္စလာမ် သာသနာက **“إِنَّا لِلّٰهِ وَإِنَّـــا إِلَيْهِ رَاجِعون အင်န လိလ္လာဟ်ဟိ ဝအင်န အိလိုင်းဟိ ရဂျေအူးန်”** ကျွန်ုပ်တို့သည် တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်၏ အတွက်ဖြစ်ခဲ့၍၊ ထို တုန္နိုင်းမဲ့ကိုးကွယ်ရာအရှင်၏ ထံသို့ ဦးလှည့်ပြန်ရမည်ပင် ဖြစ်၏။ ဟု ဆိုထားပေသည်။ ကုရ်အံကျမ်းတော်၏ ဤအပိုဒ်တွင် ပြောဆိုထားသော တုန္နိုင်းမဲ့ကိုးကွယ်ရာ အရှင်ထံသို့သာ ဦးလှည့်ပြန်ရမည်ဟု ပြောဆိုခြင်းသည်၊ ဉာဏ်ခန္ဓာအား ပြောဆိုခြင်း ဖြစ်ပေသည်။ မြေကြီးမှ ဖြစ်သော ရုပ်ခန္ဓာသည် မြေကြီးသို့သာ သွားရမည်ဖြစ်ကြောင်း၊ သွားခဲ့ပြီ ဖြစ်ကြောင်း သိပြီးဖြစ်ပေသည်။

**အစ္စလာမ်တွင်သာမက မည်သည့် သာသနာတရားတွင်မှ လူသားကို သေသွားပြီဟု မသွန်သင်ပေ။ ရုပ်ခန္ဓာသေပြီးသည်၏ နောက် ဉာဏ်ခန္ဓာ (နာမ်)သည် ငရဲ၊ နိဗ္ဗာန်၊ အခြားသောဘုံဌာနများ တစ်ခုခုသို့ သွားရမည်ဟုသာ သွန်သင်ထားပေသည်။** တနည်းအားဖြင့် “လူသား၏ အနာဂါတ် အွန္တိမပန်းတိုင်သည် ရှိနေသည်” ဟု သူ့နည်း သူ့ဟန်နှင့်သူ သွန်သင်ထားသည်သာ ဖြစ်သည်။ သို့သော် ထိုပန်းတိုင်သို့ အရောက်သွားနည်း– နည်းလမ်းကို သွန်သင်ရာ၌ ကွဲပြားမှုများ ရှိပေသည်။ အချို့သော သာသနာက ပုဂ္ဂိုလ် တစ်စုံတစ်ယောက်အား ယုံကြည်မှုအပ်လိုက်လျှင် ထိုပုံအပ်ခြင်းခံရသူက– ပုံအပ်လေသော နောက်လိုက် ဒကာများအား အွန္တိမပန်းတိုင် (နိဗ္ဗာန်) သို့ ဆောင်ကြဉ်းသွားလိမ့်ဟု သွန်သင်သည်။ အချို့သော သာသနာများက မိမိ၏ ကံကြမ္မာကို မိမိကဖန်တီး၍၊ မည်သူ၏ ကယ်တင်ခြင်းသည်မှ အသုံးမဝင်၊ မိမိသည်သာ မိမိ၏ အရှင်သခင်ဟု သွန်သင်သည်။ အစ္စလာမ် သာသနာကမူ၊ လူသားသည်လည်း အခြားရုပ်ဝတ္ထု ပစ္စည်းများ၊ သတ္တဝါများကဲ့သို့ စကြာဝဠာ အတွင်း ဖြစ်တည်ခံ နိယာမများ ဖြစ်သည့် သေခြင်း ရှင်ခြင်း နည်းနာနိယာမကို မသိဘဲ အွန္တိမပန်းတိုင်သို့ အရောက်သွားခြင်း ဆိုသည်များကို စိုးပိုင်နိုင်ခြင်း မရှိ၊ လူသားသည် မိမိချီးမြှင့်ခံထားရသော ဉာဏ်စဉ်ဖြင့် ထိုနိယာမများကို သိနိုင်သည်၊ ထိုသိသော နိယာမ နည်းလမ်းကို လိုက်နာကျင့်ဆောင် ခြင်းဖြင့်သာ အွန္တိမပန်းတိုင်သို့ ရောက်နိုင်သည်။

**သခင်စိတ်မွေးပေးခြင်း**

ထို့အတွက် မည်သည့် လူသား တစ်ယောက်သည်မှ အခြားလူသား အတွက် ကယ်တင်ရှင် မဟုတ်၊ မည်သည့် လူသားသည်မှ ကိုးကွယ်ဆည်းကပ်ရာ ဘုရားမဟုတ်၊ ဖေါ်ပြပါ လောကဓမ္မ နိယာမများသည် ထို ကိုးကွယ်ခံလူသားများ မပေါ်ပေါက်မီကပင် ရှိနေ၍၊ ထိုလူသားများ ခန္ဓာဝန်ချသွားပြီးသော အခါတွင်လည်း ရှိနေပေသည်။ ထိုကြောင့် ထိုနိယာမများသည် သေခြင်းတရားကို မလွန်ဆန်နိုင်သော လူသားက မဖန်တီးနိုင်။ နိယာမတို့အား လောကအပေါင်း၏ ဇစ်မြစ် မူလဘူတ နိစ္စဓူဝ အသင်္ကေတ တုန္နိုင်းမဲ့ ကိုးကွယ်ရာအရှင်က ချမှတ်ပြဌာန်းထားသော ဖြစ်သည်ဟု သွန်သင်ပေသည်။

ထို့ကြောင့် အစ္စလာမ် သာသနာ၏ အဆုံးအမတွင် “တုန္နိုင်းမဲ့ ကိုးကွယ်ရာအရှင်မှ အပ အခြား ကိုးကွယ်ဆည်းကပ်ရာ ဟူ၍မရှိ၊” ဟူသော ကတိသစ္စာသည် အထူး အရေးကြီးပေသည်။

တုနိုင်းမဲ့အရှင်ကိုသာ ကိုးကွယ်ဆည်းကပ်ရမည် ဆိုသည်မှာ– ထိုတုန္နိုင်းမဲ့အရှင်အား ဆွမ်းကွမ်းဆက်ကပ်၊ ပူဇော်ပသ၍၊ ထို အရှင်ထံ၌ ကျေးကျွန်ခံစေခြင်း မဟုတ်ပေ။ လူသားချင်း ဆည်းကပ်ကိုးကွယ် ခြင်းတည်းဟူသော အတတ်ကို လိုက်၍ ကိုးကွယ်ခံ လူတန်းစားတစ်ရပ် ပေါ်ထွန်းမလာစေရန် တိကျခိုင်မာသော ဥပဒေကို ချမှတ်သွန်သင် ထားခြင်းသာ ဖြစ်ပေသည်။ တနည်းအားဖြင့် ကိုးကွယ်ခံလူတန်းစား တစ်ရပ်ရှိနေလျှင် ထိုလူတန်းစားတို့၏ အောက်၌ ပြားပြားဝပ် ကိုးကွယ်ဆည်းကပ်နေရသော အမည် နာမမဲ့ ကျေးကျွန်လူတန်းစားကြီး တစ်ရပ်ရှိလာရမည် ဖြစ်ပြီး– လူသားအပေါင်းသည် မိမိကိုယ်မိမိ ကျေးကျွန် ဖြစ်နေရမှန်း မသိဘဲလျှက် ကျေးကျွန်ဖြစ်နေရပေသည်။ ထိုကျေးကျွန် လူသားများ၏ဘဝ  လွတ်မြောက်ခြင်း ဝိမုတ္တိ ရနိုင်ရန် တုန္နိုင်းမဲ့ ကိုးကွယ်ရာ အရှင်မှ အပ အခြား ကိုးကွယ်ရာ မရှိ၊ သင်တို့ ကိုးကွယ်ဆည်းကပ်နေသော သူများမှာလည်း သင်တို့ကဲ့သို့ လောက နိယာမထဲမှ လူသားများသာ ဖြစ်သည် သင်တို့နှင့် ရုပ်နာမ် ပိုင်ဆိုင်မှုခြင်း အတူတူသာ ဖြစ်သည်ဟု သခင်စိတ် မွေးပေးခြင်းသာ ဖြစ်ပေသည်။ ကျွန်စိတ်၌ ပျော်မွေ့နေသော သူအတွက် ထွက်မြောက်လမ်း မည်သို့ ရှိနိုင်အံ့နည်း။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

လောကနိယာမ အပေါင်း၏ အရှင်၊ တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်သည်– လောကအပေါင်းအား ဖြစ်တည်လာစေသော အရှင်ဖြစ်၍၊ လောက၏ လျှို့ဝှက်ချက်၊ နက်နဲချက်အားလုံးကို သိနေပေသည်။ ထို့ကြောင့် လူသားအပေါင်း၏ လွတ်မြောက်ခြင်း ရနိုင်သော နည်းလမ်း– တနည်းအားဖြင့် လူသားတို့၏ မံသမျက်စိ (သတ္တဝါတို့၏ မျက်စိအသားကိုယ်ထည်) ဖြင့် မမြင်စွမ်းနိုင်သော အရာများကို ဉာဏမျက်စိဖြင့် မြင်နိုင်၊ သိနိုင်၊ ခံစားနိုင်စေရန်– လူသားအား ဉာဏ်စဉ်ကို ချီးမြှင့်၍၊ အခြားတစ်ဘက်တွင် ထိုဉာဏ်စဉ်ဖြင့် စပ်ဟပ်ကာ မြင်နိုင်သည့် လောကနိယာမ ပြဋ္ဌာန်းချက် ကျမ်းမြတ်ကုရ်အာန်အား ချမှတ်ပေးထားပေသည်။

ကျမ်းမြတ်ကုရ်အာန်သည် အာရဗ်ပိုင်၊ အိန္ဒိယပိုင်၊ ကိုယ်တော်မုဟမ္မဒ်ပိုင် မဟုတ်။ မူဆလင်ဟူသော ခေါင်းစဉ်အောက်မှ မွေးဘွားလာသူတိုင်း၏ မူပိုင်လည်းမဟုတ်– တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်က ချမှတ်ပြဋ္ဌာန်းပေးသည်ကို ဝဟီခေါ် သဗ္ဗညုတဉာဏ်စဉ်အား ဆွတ်ခူးနိုင်ခဲ့သည့် ကိုယ်တော်မုဟမ္မဒ်မှ တစ်ဆင့် ထိုကျမ်းတော်အား လေ့လာ၊ စူးစမ်း၊ ယုံကြည် လိုက်နာသူများ၏ ပိုင်ဆိုင်ခွင့်ရှိသော နိယာမ ပြဋ္ဌာန်းချက်သာ ဖြစ်ပေသည်။ မူဆလင်မှ မွေးလျှင် မူဆလင်ဖြစ်ရမည်ဟု ကျမ်းတော်တွင် ဆိုမထားပေ။ ကျမ်းတော်အား လိုက်နာကျင့်ဆောင်မှသာလျှင် မူဆလင် ဖြစ်မည်ဟု ဆိုထားပေသည်။

ထို့ကြောင့် ကျမ်းတော်တွင် "အို ယုံကြည်သူတို့၊ ယုံကြည်ဦးလော့"ဟု ယုံကြည်သူများကိုပင် ဆက်၍ဆက်၍ မနားတမ်း ယုံကြည်ရန် သွန်သင်သော တရားဒေသနာတော်များ များစွာဖြင့် ဖိတ်ခေါ်နေပေသည်။

ထိုသို့ ယုံကြည်ခြင်းဘက်သို့ ဖိတ်ခေါ်မှုတိုင်းတွင်လည်း လူသားချင်း ကိုးကွယ်မှုဘက်သို့ တိမ်းမသွားရလေအောင် မည်သည့် လူမျိုးတို့၏ မူပိုင်ဘုရားမှ မဟုတ်သော၊ လောကစကြာဝဠာ အားလုံး၏ ဘုံဘုရားရှင် ဖြစ်သော တုနှိုင်းမဲ့ ကိုးကွယ်ရာ အရှင်အား ကိုးကွယ်ကြရန် သတိပေးပေးခြင်း၊ ကိုယ်တော်မုဟမ္မဒ်သည်လည်း ကိုးကွယ်ခံဘုရား မဟုတ်ကြောင်း ပေါ်လွင်စေရန် မကြာခဏ သတိပေးပေးခြင်း၊ ကျမ်းမြတ်ကုရ်အာန်ပါ ပြဋ္ဌာန်း ပညတ်သည့် ဥပဒေများသည် မုဟမ္မဒ်၏ စိတ်ကူးယဉ် တည်ဆောက်သော ဒသနများ မဟုတ်ကြောင်း သတိပေးပေးခြင်းများကိုသာ ဆင့်ကာဆင့်ကာ သွန်သင်ပေသည်။

"ကျမ်းမြတ်ကုရ်အာန်အား သက်ဝင်ယုံကြည်ကြ" ဆိုသည်မှာလည်း၊ ထိုကျမ်းတော်၏ အရှင်ဖြစ်သော တုနှိုင်းမဲ့ကိုးကွယ်ရာ အရှင်အား ပူဇော်ပသရန် မဟုတ်ချေ။

ကျမ်းတော်တွင် ထိုအရှင်အား ပူဇော်ပသနေရမည်ဟု တစ်လုံးတစ်ပါဒမှ မသွန်သင်ချေ။ ကျမ်းတော်တွင် သွန်သင်သည်မှာ– ဉာဏ်စဉ်ကို ပိုင်ဆိုင်ခွင့်ရသော လူသားတို့ အနေဖြင့်၊ လူ့သဘာဝ လူ့လောကအား ကိုင်တွယ် ဖြေရှင်းတတ်စေရန် သွန်သင်ချက်များ၊ လူသားအနေဖြင့် စကြာဝဠာများအတွင်း သိသင့် သိထိုက် သိလာနိုင်စေမည့် နိယာမများကိုသာ သွန်သင်ထားပေသည်။

ကုရ်အာန်တွင် ဖော်ပြသွန်သင်သော နိယာမများသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ မှသည် ယနေ့ထိ ခေတ်စနစ်တိုင်းနှင့် မကိုက်ညီဟူ၍ မရှိခဲ့သည့် အပြင် လူ့လောက တစ်လျှောက် ခေတ်နောက်ကျသွား စရာ သွန်သင်ချက်များလည်း မပါယုံသာမက မျိုးဆက် သစ်များအား တွေးတောဆင်ခြင်၊ ဝေဖန်ဆန်းစစ်လျှက် အမှန်ကို ဖော်ထုတ်ရန်ကိုသာ အမြဲတိုက်တွန်းနေပေသည်။

ကုရ်အာန်၏ သဘောမှာ လူသားတို့၏ လက်တွေ့မျက်မှောက်ကို ပြ၍– အတ္တိမပန်းတိုင်ကို မြင်တတ်စေရန်၊ ကွက်ကွက်ကွင်းကွင်း သွန်သင်သည်။ ဤသို့ကျင့်ဆောင်လျှင် ရုပ်ပိုင်းဆိုင်ရာ ကောင်းစားမည်၊ ဤသို့ကျင့်လျှင် ရုပ်ရော နာမ်ပါ ကောင်းစားမည်၊ ဤလမ်းကို သွားက လတ်တလော ဒုက္ခရောက်မည်။ ထိုသို့ပြုမူက မိမိ၏ လက်ချက်ကြောင့် နောင်မျိုးဆက်များ ဒုက္ခရောက်မည် ဟု တိတိပပ သွန်သင်၍ လူသားတိုင်းအား ဦးဈောက်ဝင့်သင့်နေသည့် ကျေးကျွန်ဘဝမှ ကယ်နှုတ်ပေးပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထို့ကြောင့် မိရိုးဖလာများကို ပစ်ပယ်ကာ ကုရ်အံပါ ပြဋ္ဌာန်းချက် နိယာမများကိုသာ လိုက်ခဲ့သော  ကိုယ်တော်မုဟမ္မဒ်၊ ထိုကိုယ်တော်၏ နောက် အဘူဘကရ်၊ အိုမာရ်၊ အွဆ်မာန်၊ အလီ တို့၏ လက်ထက်များတွင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများဖြင့် သူတို့၏ နာမ်ပိုင်းဆိုင်ရာ အောင်မြင်မှုများကို သက်သေတည်သွားနိုင်ခဲ့ပေသည်။ နာမ်ပိုင်းဆိုင်ရာ အောင်မြင်မှုကို မံသမျက်စိဖြင့် မမြင်ရသော်လည်း၊ ကုရ်အံက ကုရ်အံအတိုင်း ဆောင်ရွက်သော် ရုပ်ရော နာမ်ပါတိုးတက် အောင်မြင်မည် ဟူသည့် ကတိကို၊ ထိုပုဂ္ဂိုလ်များ လုံးဝမအောင်မြင်မှီ– ပြည်ပြေးဘဝမှာ ကတည်းက ပေးခဲ့ခြင်း ဖြစ်၍၊ သူတို့သည် ထိုနိယာမများကို နှလုံးသည်းပွတ် ယုံကြည်ကာ ဆံခြည်တစ်မျှင်မျှ အတိမ်းအစောင်းမခံ လိုက်နာ ဆောင်ရွက်ခဲ့သောကြောင့် လူသားတို့မြင်နိုင်သော ရုပ်ပိုင်းဆိုင်ရာမှာ အကြီးအကျယ် အောင်မြင်ခြင်းဖြင့် (အင်ပါယာကြီးတစ်ခုအား အုပ်ချုပ်ခွင့် ရခဲ့ခြင်းတည်း ဟူသည့်) သက်သေပြသွားနိုင်ခဲ့သည်။ အဆိုပါကတိတွင် ရုပ်ရော နာမ်ပါ အောင်မြင်ရမည်ဟု ဆိုခြင်းကြောင့် နာမ်၏ အောင်မြင်ခြင်းများကို ရုပ်၏ အောင်မြင်ခြင်းဖြင့် သက်သေပြနိုင်ခဲ့သည် မဟုတ်ပေလော။

ဆက်လက်တင်ပြပါမည်။

ဦးစိုးလွင် (ငြိမ်းချမ်းလျှပ်စစ်)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com